# ကျွန်ုပ်တို့ဌာနနှင့် IT နည်းပညာ

လူသားတို့သည် အမြဲတမ်းတိုးတက်ဖွံ့ဖြိုးရန် ကြံဆကြိုးစားနေကြသူများ ဖြစ်ပါသည်။ ကမ္ဘာဦးစ လူသားတို့နှင့် ယနေ့ခေတ်လူသားတို့၏ တစ်နေ့တာ ဖြတ်သန်းပုံများလည်း လုံး၀ ကွာခြားနေသည်ကို တွေ့ရှိရပါသည်။ ယနေ့ခေတ် လူသားတို့သည် ပညာရေး၊ ကျန်းမာရေးနှင့် စိတ်အပန်းဖြေနေရာများပါမကျန် ITနည်းပညာများကို အသုံးပြုနေကြပြီး စီးပွားရေးလုပ်ငန်းများတွင် ITနည်းပညာအသုံးပြုမှု ပိုမိုများပြားလာနေသည်ကိုတွေ့ရှိရပါသည်။

ယနေ့ခေတ် ကမ္ဘာကြီးတွင် ITနည်းပညာမြင့်မားသော နိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ကာ ရှေ့တန်းရောက်နေကြပြီး ITနည်းပညာအားနည်းသော နိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေကြောင်းတွေ့ရှိရပါသည်။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် ခေတ်မီသော ITနည်းပညာများကို အသုံးပြုရန် လိုအပ်ပါသည်။ ITနည်းပညာ၏ အားသာချက်မှာ အချိန်ကုန်သက်သာခြင်း၊ အရည်အသွေးမြင့်မားခြင်းနှင့်တိကျခိုင်မာမှုရှိခြင်းတို့ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ရင်ဘောင်တန်းနိုင်ရန် အဖက်ဖက်မှ ကြိုးစားဆောင်ရွက်လျက်ရှိပြီး ပြည်သူများ၏ နေ့စဉ်ကြုံတွေ့နေရသော အခက်အခဲများကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရန် e – Government ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ထိုနည်းတူ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့် စနစ်(SAS)ကို ပထမဆုံးကျင့်သုံးသော အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးကို ၁.၄.၂၀၁၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် (SAS) ဆိုသည်မှာ အခွန်ထမ်းပြည်သူများသည် မိမိတို့လုပ်ငန်း၏ ဝင်ငွေ၊ အသုံးစရိတ်၊ အရှုံးအမြတ်စာရင်းများကို မိမိတို့ကိုယ်တိုင်တွက်ချက်၍ ကျသင့်အခွန်ငွေများကို မိမိတို့ကိုယ်တိုင် ပေးဆောင်ရသည့်စနစ် ဖြစ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့်လည်း အခွန်ထမ်းပြည်သူများ အခွန်ထမ်းဆောင်ရာတွင် အချိန်ကုန်သက်သာစေရန်နှင့် လုံခြုံစိတ်ချမှုအပြည့်အဝရှိသော အီလက်ထရောနစ်ငွေပေးချေမှုစနစ် (Electronic Payment System)ကို စီစဉ်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ အီလက်ထရောနစ်ငွေပေးချေမှုစနစ်ဆိုသည်မှာ လူကိုယ်တိုင်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ငွေသားသို့မဟုတ် ချက်လက်မှတ်ကို သုံးမည့်အစား ကုန်ပစ္စည်းများ သို့မဟုတ် ဝန်ဆောင်မှုများအတွက် အီလက်ထရောနစ်နည်းဖြင့် ငွေပေးချေသည့်နည်းလမ်းဖြစ်ပါသည်။

အီလက်ထရောနစ်ငွေပေးချေမှုစနစ် (Electronic Payment System) ဖြင့် အခွန်ပေးဆောင်မည်ဆိုပါက နည်းလမ်း(၃)မျိုးဖြင့် ပေးဆောင်နိုင်ပါသည်။ ၎င်းတို့မှာ MPU Debit Card ကို အသုံးပြုပြီး အခွန်ပေးဆောင်ခြင်း၊ ဗဟိုဘဏ်၏ CBM–NET စနစ်ရှိ Customer Credit Transfer

(CCT) Function ကို အသုံးပြု၍ ပုဂ္ဂလိကဘဏ်များမှတဆင့် အခွန်ပေးဆောင်ခြင်းနှင့် မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် အခွန်ပေးဆောင်ခြင်းတို့ဖြစ်ပါသည်။

MPU Online Payment-MPU Card ကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်သည့် အခွန်ထမ်းများမှာ အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် (SAS) ကျင့်သုံးသော အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ( DICA ) ၏ Electronic Company မှတ်ပုံတင်စနစ် ( MyCo ) ဖြင့် ကုမ္ပဏီမှတ်ပုံတင်ဆောင်ရွက်ထားရှိသည့် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး (၂)၊ (၃)၊ (၄)၊ (၅)များရှိ အခွန်ထမ်းများ အသုံးပြုနိုင်ပါသည်။ အခွန်ထမ်းပြည်သူများ အနေဖြင့် MPU Card ကို အသုံးပြုပြီး ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန် နှင့် တံဆိပ်ခေါင်းခွန်များကို ပေးချေနိုင်ပါသည်။

အခွန်ထမ်းပြည်သူများအနေဖြင့် MPU Card ကိုအသုံးပြု၍ အခွန်ပေးချေနိုင်ရန် MPU Card ဖြင့် အခွန်ပေးသွင်းလိုကြောင်းကို မိမိအားအခွန်စည်းကြပ်သည့် သက်ဆိုင်ရာ အခွန်ရုံးသို့ တင်ပြရမည်။ သက်ဆိုင်ရာ အခွန်ရုံးမှ ခွင့်ပြုထောက်ခံချက်ရရှိပါက ခွင့်ပြုထောက်ခံချက်နှင့်အတူ မိမိ MPU Card ပြုလုပ်လိုသည့် ဘဏ်သို့ဆက်လက်လျှောက်ထားရမည်။ MPU Card ဖြင့် အခွန်ပေးဆောင်နိုင်သည့် Card (၂)မျိုးအနက် MPU Debit Card သည် အခွန်ငွေ ကျပ် သိန်း(၅ဝ)အထိ အခွန်ငွေပေးဆောင်နိုင်ပြီး MPU Corporate Debit Card သည် အခွန်ငွေ ကျပ်(၅)ဘီလီယံအထိ ပေးသွင်းနိုင်ပါသည်။ MPU Corporate Debit Card သည် အခွန်ပေးသွင်းမှုအတွက် သီးသန့်ဖြစ်ပြီး အခြားဝန်ဆောင်မှုများ အသုံးပြု၍ မရပါ။

အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ပေးဆောင်နိုင်ရန် MPU Debit Card ကို မြဝတီဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ အသေးစားနှင့် အလတ်စားစက်မှုဖွံ့ဖြိုးရေးဘဏ်၊ ယူနိုက်တက်အမရာဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်၊ ရေဝတီဘဏ်နှင့် သမဝါယမဘဏ် တို့တွင် ပြုလုပ်နိုင်ပါသည်။ MPU Corporate Debit Card များကို ရေဝတီဘဏ်၊ ကမ္ဘောဇဘဏ်နှင့် သမဝါယမဘဏ် တို့တွင် ပြုလုပ်နိုင်ပါသည်။ မိမိနှစ်သက်ရာ Card များ ပြုလုပ်ပြီးပါက မိမိ Card ပြုလုပ်သည့် ဘဏ်တွင် MPU E-commerce အသုံးပြုမည်ဖြစ်ကြောင်း မှတ်ပုံတင်ခဲ့ရမည်။ MPU E-commerce အသုံးပြုမည်ဖြစ်ကြောင်း မှတ်ပုံတင်မထားပါက အခွန်ပေးဆောင်မှုပြုလုပ်နိုင်မည် မဟုတ်ပါ။

MPU Card များ ရရှိပြီးဆိုပါက www.ird.gov.mm ကို ဝင်ရောက်၍ Homepage စာမျက်နှာ၏ Start Your Tax online payment ကို နှိပ်၍ လိုအပ်သည်များ အဆင့်ဆင့်ဖြည့်သွင်းကာ ကျသင့်ခွန်များ ပေးသွင်းနိုင်ပါသည်။ ထိုပြင် www.onlinepayment.ird.gov.mm သို့

ဝင်ရောက်၍လည်း ပေးသွင်းနိုင်ပါသည်။ ပေးသွင်းပုံ အဆင့်ဆင့်ကို ပြည်တွင်းအခွန်များ ဦးစီးဌာန၏ Website များနှင့် ပြည်တွင်းအခွန်များဦးစီးဌာနတွင် လက်ကမ်းစာစောင်များ အခမဲ့ ရယူနိုင်ပါသည်။

MPU Card များဖြင့် အခွန်ပေးဆောင်ခြင်းအတွက် Transaction တစ်ကြိမ်လျှင် ဝန်ဆောင်ခ ကျပ်(၂၀၀၀) ဖြစ်ပါသည်။ အခွန်ပေးဆောင်မှု Transaction တစ်ကြိမ်ပြုလုပ်တိုင်း လုံခြုံမှုရှိစေရန် One Time Password (OTP) ကို အသုံးပြုရမည်ဖြစ်ပါ၍ OTP ပေးပို့ရန် အတွက် Dedicated Email Account တစ်ခုကို ကဒ်လျှောက်ထားသည့် ဘဏ်သို့ ပေးပို့ ရမည်ဖြစ်ပြီး အဆိုပါ Email ၏ Security ကို အသုံးပြုသူမှ တာဝန်ယူ ရမည်ဖြစ်ပါသည်။ MPU Card များဖြင့် အခွန်ပေးဆောင်မှု ပြုလုပ်ပြီး Successful ဖြစ်ပါက အခွန်ပေးဆောင်သူထံသို့ အခွန်ပေးသွင်းမှု ပြီးမြောက်ကြောင်း email ပြန်လည်ပေးပို့သွားမည် ဖြစ်ပါသည်။ အခွန်ပေးသွင်းမှု ပြီးမြောက်ကြောင်း email မရရှိပါက MPU Card ဖြင့် အခွန်ပေးဆောင်မှု မအောင်မြင်ပါ။ မြန်မာ့စီးပွားရေးဘဏ်တွင် စာရင်း ဖွင့်လှစ်ထားသည့် ပြည်တွင်းအခွန်များဦးစီးဌာန၏ ငွေစာရင်းသို့ အခွန်ငွေလွှဲပြောင်းလက်ခံ ရရှိပြီးပါက လုံခြုံမှုအဆင့် (QR Code) ပါဝင်သော ပတခ (e-Payment)-၀၂ ချလန်ကို အခွန်ထမ်း တင်ပြထားသည့် email သို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ထပ်မံပေးပို့မည် ဖြစ်ပါသည်။

ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် အခွန်ပေးသွင်းလိုသည့် အခွန်ထမ်းများအနေဖြင့် မိမိအခွန်ပေး ဆောင်လျက်ရှိသည့် အခွန်ရုံးသို့ CBM-NET ကို အသုံးပြု၍ အခွန်ပေးသွင်းလိုကြောင်း လျှောက်ထားတင်ပြရမည်။ သက်ဆိုင်ရာအခွန်ရုံးမှ Registration Form For Online Tax Payment (အခွန်ထမ်းဖြစ်ကြောင်းထောက်ခံချက်ပုံစံ) ထုတ်ပေးမည်ဖြစ်ပါသည်။ အခွန်ထမ်းများ အနေဖြင့် သက်ဆိုင်ရာအခွန်ရုံးမှ ထုတ်ပေးလိုက်သော Registration Form For Online Tax Payment ကို မိမိငွေစာရင်း A /C ဖွင့်လှစ် ထားသည့် ဘဏ်သို့ ပေးပို့ရမည်။ မိမိငွေစာရင်း A / C ဖွင့်လှစ်ထားသည့် ဘဏ်သည် ဘဏ်တစ်ခုထက်ပိုပြီး ၎င်းဘဏ်များအားလုံးမှ အခွန်ပေးသွင်း လိုပါက Registration Form For Online Tax Payment ကို အခွန်ရုံးမှ ထပ်မံတောင်းခံ၍ သက်ဆိုင်ရာဘဏ်များသို့ ပေးပို့ရမည်။ Registration Form For Online Tax Payment များ ဘဏ်သို့တင်ပြပြီးပါက ၎င်းဘဏ်များမှ တစ်ဆင့် အခွန်ငွေများပေးသွင်းနိုင်ပြီ ဖြစ်ပါသည်။ အခွန်ငွေပေးသွင်းပြီးပါက အခွန်ငွေလက်ခံရရှိကြောင်း အထောက်အထားဖြစ်သော မြန်မာနိုင်ငံ တော်ဗဟိုဘဏ်၏ Customer Credit Transfer Completion Notification (အခွန်ပေးသွင်းမှု ပြီးမြောက်ကြောင်း ပေးပို့သည့် အကြောင်းကြားစာ- မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ပေးပို့သည်) နှင့် ပြည်တွင်းအခွန်များဦးစီးဌာန၏ လုံခြုံမှုအဆင့် (QR Code) ပါဝင်သော (e-Payment)-၀၁ ချလန်ကို အခွန်ထမ်းတင်ပြထားသည့် email သို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပေးပို့မည် ဖြစ်ပါသည်။

အခွန်ထမ်းပြည်သူများအနေဖြင့် CBM-NET ကို အသုံးပြုပြီး ပုဂ္ဂလိကဘဏ်များမှတဆင့် အီလက်ထရောနစ်ငွေပေးချေမှုစနစ် ကနေ အခွန်ပေးသွင်းမည်ဆိုပါက အခွန်ပေးဆောင်ရန် သတ်မှတ်ထားသည့် နောက်ဆုံးနေ့ရက်တွင် ပေးသွင်းခဲ့ပါက ထိုနေ့ရက်၏နေ့လည် (၃) နာရီ

နောက်ဆုံးထား၍ ပေးဆောင်ရန်လိုအပ်ပါသည်။ နေ့လည် (၃) နာရီ နောက်ပိုင်း ကျော်လွန်ပြီးမှ ပေးသွင်းခြင်းများအတွက် အခွန်ပေးသွင်းပြီးနောက်တစ်ရက် (ရုံးဖွင့်ရက်)မှသာ သက်ဆိုင်ရာ အခွန်ရုံးမှ လက်ခံရရှိမည်ဖြစ်ပါသဖြင့် သတ်မှတ်ရက် ကျော်လွန်ပြီးမှ အခွန်ငွေများပေးသွင်းသည့် အခြေအနေဖြစ်ပေါ်နိုင်ပြီး မလိုလားအပ်သော ဒဏ်တပ်ရိုက်မှုများ ပေါ်ပေါက်နိုင်ပါသည်။ ထို့ကြောင့် အခွန်ပေးဆောင်ရန် နောက်ဆုံးသတ်မှတ်ထားသည့် ရက်မတိုင်မီ ကြိုတင်ပေးသွင်းစေလိုပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ပေးဆောင်ရာတွင် ပိုမိုလွယ်ကူစေရန် မိုဘိုင်း ငွေပေးချေမှုစနစ်ဖြင့် အခွန်ပေးဆောင်နိုင်ရေး ဆောင်ရွက်ခဲ့ရာ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃) နှင့် (၄) တို့ရှိ အခွန်ထမ်းမှတ်ပုံ တင်အမှတ် (Tin Number) သတ်မှတ်ရရှိပြီးဖြစ်သော အခွန်ထမ်းကုမ္ပဏီများအနေဖြင့် ၂၇.၁ .၂၀၂၀ ရက်နေ့မှစ၍ သမဝါယမဘဏ် (CB Bank) ၏CB Pay & Internet Banking စနစ်ကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ပြီဖြစ်ပါသည်။

ထိုသို့ အခွန်ပေးသွင်းရာတွင် ပေးသွင်းမှုအထောက်အထားများအဖြစ် သမဝါယမဘဏ်လီ မိတက် (CB Bank) အနေဖြင့် အခွန်ထမ်းသို့ ဘဏ်ငွေလက်ခံဖြတ်ပိုင်း ကနဦး ထုတ်ပေးမည် ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများသို့ မြန်မာ နိုင်ငံတော်ဗဟိုဘဏ်၏ CBM–NET မှတစ်ဆင့် အခွန်ငွေလွှဲပြောင်းပေးပြီးနောက် ပြည်တွင်းအခွန် များဦးစီးဌာနမှ အခွန်ငွေလွှဲပြောင်းပေးသွင်းပြီးကြောင်း အထောက်အထားများကို email အသုံးပြု ပေးပို့ အကြောင်းကြားသွားမည်ဖြစ်ပါသည်။ အခွန်ထမ်းပြည်သူများအနေဖြင့် မိုဘိုင်းငွေပေး ချေမှုစနစ်ကို အသုံးပြု၍ အခွန်ပေးဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အခွန်ထမ်းပြည်သူများအနေဖြင့် MPU Debit Card သို့မဟုတ် ပုဂ္ဂလိကဘဏ်များ မှတဆင့် CBM–NET ကို အသုံးပြု၍ အီလက်ထရောနစ်ငွေပေးချေမှုစနစ်ဖြင့် အခွန်ပေးဆောင်မည် ဆိုပါက မိမိ ကုမ္ပဏီအမည်၊ Tin Number (အခွန်ထမ်းမှတ်ပုံတင်အမှတ်) ၊ အမှန်တကယ် ပေးသွင်းလိုသည့် အခွန်အမျိုးအစား (ဥပမာ– ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်)၊ အမှန်တကယ် ပေးသွင်းလိုသည့် ပေးဆောင်မှုအမျိုးအစား (ဥပမာ– ကြိုတင်ခွန်၊ စည်းကြပ်မှုပြီးနောက် ထပ်မံပေး ဆောင်ရမည့်အခွန်၊ အခွန်ကြွေး)၊ အမှန်တကယ် ပေးသွင်းလိုသည့် အခွန်ကာလ(ဥပမာ– လစဉ်ပေး သွင်းသည့် လအမည်၊ သုံးလပတ်အလိုက် ပေးသွင်းသည့် လအမည်၊ ၂၀၁– – ၂၀၁– ဝင်ငွေနှစ် (သို့မဟုတ်)ဘဏ္ဍာရေးနှစ်–––စည်းကြပ်နှစ်ဟု မသုံးရန်) တို့ကို မှန်မှန်ကန်ကန် တိတိကျကျ ရှင်းရှင်း လင်းလင်း ဖြည့်သွင်းပေးစေလိုပါသည်။

အခွန်ပေးသွင်းမှု တစ်ကြိမ်လျှင် အခွန်အမျိုးအစားတစ်ခု၊ ပေးဆောင်မှုအမျိုးအစားတစ်ခု၊ ပေးဆောင်သည့်ကာလတစ်ခုအတွက်သာ ပေးသွင်းရမည်ဖြစ်ပါသည်။ စုပေါင်းပြီး ပေးဆောင်၍ မရပါ။

အခွန်ပေးသွင်းပြီးနောက် အချက်အလက်မှားယွင်းမှုများ တစ်စုံတစ်ရာတွေ့ရှိရပါက အခွန်ထမ်းပြည်သူများအနေဖြင့် မိမိအခွန်ပေးသွင်းခဲ့သည့် သက်ဆိုင်ရာအခွန်ရုံးသို့ အမှန်ပြန်လည်ပြင်ဆင်ပေးနိုင်ပါရန် ဆိုင်ရာလအတွင်း လကုန်ရက်မတိုင်မီ လျှောက်ထားလာပါက အမှန်ပြန်လည်ပြင်ဆင်ပေးသွားမည်ဖြစ်ပါသည်။ သတ်မှတ်ကာလ ကျော်လွန်ပြီးမှ ပြင်ဆင်ခွင့်လျှောက်ထားလာပါက တည်ဆဲအခွန်ဆိုင်ရာနှင့် ငွေစာရင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်အမ်းငွေထုတ်ပေးခြင်း၊ ဆိုင်ရာခေါင်းစဉ်တွင် ကြိုတင်ငွေဖြင့် ခုနှိမ်ပေးခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ဝင်ငွေခွန်နှစ်ချုပ်ကြေညာလွှာများ၊ သုံးလပတ်အလိုက် ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာများ၊ နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာများနှင့် သုံးလပတ်အလိုက် အထူးကုန်စည်ခွန်ကြေညာလွှာများကိုလည်း Online မှ ပေးပို့တင်ပြနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ မကြာမီအချိန်တွင် အခွန်ထမ်းပြည်သူများ သက်ဆိုင်ရာအခွန်ရုံးသို့ လာရောက်ရန်မလိုတော့ဘဲ Online မှ ကြေညာလွှာများ ပေးပို့နိုင်တော့မည်ဖြစ်ပါသည်။ လက်ရှိကာလ၌လည်း ကြေညာလွှာများ လက်ခံရာ၌ Fillable PDF များ အသုံးပြုဖြည့်သွင်းစေကာ Softcopy ရယူခြင်းဖြင့် e-Filing အစအဖြစ် လေ့ကျင့်ဆောင်ရွက်လျက်ရှိပါသည်။

MPU Debit Card အသုံးပြု၍ အခွန်ပေးဆောင်ခြင်းကို ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် စတင်အသုံးပြုခဲ့ပြီး CBM-NET စနစ်ရှိ CCT Function ကိုအသုံးပြု၍ ပုဂ္ဂလိဘဏ်များမှတဆင့် အခွန်ပေးဆောင်ခြင်းကို ၁၃-၂-၂၀၁၈ နေ့တွင် စတင်အသုံးပြုခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတွင် MPU Card ကို အသုံးပြု၍ အခွန်ပေးသွင်းသည့် အခွန်ထမ်း (၆၀) ဦး နှင့် CBM-NET ကို အသုံးပြု၍ အခွန်ပေးသွင်းသည့် အခွန်ထမ်း (၂၁၀) ဦး ရှိပါသည်။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံးတွင် အခွန်ထမ်း (၉၄၁)ဦး ရှိသောကြောင့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ အခွန်ပေးသွင်းမှုရာခိုင်နှုန်းမှာ ၂၈.၆၉% ဖြစ်သောကြောင့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ အခွန်ပေးသွင်းမှု နည်းပါးနေသေးကြောင်း တွေ့ရှိရပါသည်။ Ease Of Doing Business ကို တိုင်းတာသည့် အညွှန်းကိန်း (၁၀) ခုတွင် အခွန်ပေးဆောင်ရတာ လွယ်ကူရဲ့လားဟူသည့်အချက်ကို တိုင်းတာသည့် Paying Tax Indicator သည်လည်း တစ်ခု အပါအဝင်ဖြစ်ပါသည်။ Paying Tax Indicator အဆင့်တိုးတက်ရေးအတွက် အခွန်ထမ်း ပြည်သူများအနေဖြင့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြရန် လိုအပ်ပါသည်။ Paying Tax Indicator အဆင့်တိုးတက်မှသာ Doing Business အဆင့်လည်း တိုးတက်လာမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ Ease of Doing Business အဆင့် တိုးတက်စေရေးအတွက် အခွန်ထမ်းပြည်သူများအနေဖြင့် အချိန်ကုန်သက်သာပြီး လုံခြုံမှုအပြည့်ရှိသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ အခွန်ပေးဆောင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အခွန်ထမ်းပြည်သူများအနေဖြင့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်ကို အသုံးပြု၍ အခွန်ပေးဆောင်ခြင်းဖြင့် သက်ဆိုင်ရာအခွန်ရုံး၊ သက်ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်သို့ သွားရောက်ရမည့် အချိန်ကုန်သက်သာခြင်း၊ ဝန်ထမ်းအင်အားသက်သာခြင်း၊ ငွေကြေးများကိုင်ဆောင်၍ သွားလာရခြင်းကြောင့် ငွေကြေးများပျောက်ဆုံးမှု မရှိနိုင်ခြင်းနှင့် ငွေကြေးကိုအကြောင်းပြု၍ အန္တရာယ်များဖြစ်ပွားနိုင်မှုကို ကာကွယ်နိုင်ခြင်းစသည် အကျိုးကျေးဇူးများရရှိနိုင်ပါသည်။

ထို့ကြောင့် အခွန်ထမ်းပြည်သူများအနေဖြင့်

**“အချိန်ကုန်သက်သာဖို့ အီလက်ထရောနစ်ငွေပေးချေမှုစနစ် (Electronic Payment System) ကို အသုံးပြု၍ အခွန်ဆောင်ကြစို့”**

**“လုံခြုံစိတ်ချမှုအပြည့်ရှိလို့ အီလက်ထရောနစ် ငွေပေးချေမှုစနစ် (Electronic Payment System) ကို အသုံးပြု၍ အခွန်ဆောင်ကြစို့”**

**“ပြည်သူများ၏ လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့ အီလက်ထရောနစ် ငွေပေးချေမှုစနစ် (Electronic Payment System) ကို အသုံးပြု၍ အခွန်ဆောင်ကြစို့”**

**ကျောက်ဆစ်ပန်းမြို့တော်**

မှီငြမ်း- ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ဝေပေးထားသော အီလက်ထရောနစ်ငွေပေးချေမှုစနစ်(Electronic Payment System) လက်ကမ်းစာစောင်များ

Myanmar Online Tax Payment via MPU Debit Card အကြောင်း မေးမြန်းထားသည့် မေးမြန်းဖြေကြားလူမှုစီးပွား အစီ အစဉ်

Myanmar Payment Union (Facebook Page)

## Registration Form For Online Tax Payment


| Sr. | Tax Payment Information | |
|---|---|---|
| 1. | Taxpayer's Name | |
| 2. | Taxpayer's address and Business Name | |
| 3. | Taxpayer's Phone Number | |
| 4. | Taxpayer Identification Number(TIN) | |
| 5. | Taxpayer Account Number | |
| 6. | Taxpayer's Contact e-mail | |
| 7. | Payer Bank Name | |
| 8. | Payer Bank Branch Name | |
| 9. | Payer Bank Branch Code | |
| 10. | Tax Office Name | |
| 11. | MD Number (Tax Office Account) | |
| 12. | MEB Branch Name | |
| 13. | MEB Branch Code | |
| 14. | Tax Office Address | |
| 15. | Tax Office Phone Number | |

Sign :-----------------------------
Name of Tax Officer:-----------------------------
Designation :-----------------------------
Tax Office :-----------------------------

## Remittance Form For Tax Payment

1. Taxpayer Name - AAAA Co.,Ltd
2. TIN Number - 111111111
3. Tax Type - Commercial Tax (CT)
4. Payment Type - Balance Due with Return
5. Tax Period - -
6. Income Year - 2016-2017
7. Amount - 1,000,000.00


CCT Notification Reconciliation



CENTRAL BANK OF

## Customer credit transfer completion notification

Customer credit transfer (MMK) information

| | | |
|---|---|---|
| Business execution date (*1) | | 08/01/2018 |
| Settlement business statement serial number (*2) | | 000000019 |
| Reconciliation number (*3) | | FT17335YC20N |
| Fund debtor | FI branch code (*4) | BOTKMMMYYGN |
| | FI name | The Bank of Tokyo-Mitsubishi UFJ,Ltd. |
| | Branch name | Yangon Branch |
| Fund creditor | FI branch code (*5) | MYEBMMMYNPT |
| | FI name | Myanma Economic Bank |
| | Branch name | Myanma Economic Bank (Naypyitaw) |
| Fund settlement amount information | Total fund settlement amount (MMK) (*6) | 3 |
| | Transfer amount (MMK) (*7) | 3 |
| | Interbank charge amount (MMK) to debtor FI (*8) | |
| | Interbank charge amount (MMK) to creditor FI (*9) | |
| Event (Fund) | Code (*10) | 5001 |
| | Name | Tax payment for IRD |
| Note (*11) | | TransferDate: 2017-12-01 |
| Customer information (Debtor) | Debtor agent FI branch number (*12) | 0001 |
| | Debtor agent FI branch name (*13) | BANK OF TOKYO-MITSUBISHI UFJ |
| | Debtor identification category code (*14) | 11 |
| | Debtor identification category name | Bank account number and TIN |
| | Debtor identification (*15) | 1001485#111156421342 |
| | Name (*16) | THITSAR CO.,LTD |
| | Postal address (*17) | |
| | Phone number (*18) | |
| | Other information (*19) | |

# Tax Calendar




| အခွန်ထမ်းများဆောင်ရွက်ရမည့်လုပ်ငန်းစဉ် | လိုက်နာဆောင်ရွက်ရမည့်အချိန်ကာလ |
|---|---|
| လစဉ်အထူးကုန်စည်ခွန် ပေးသွင်းခြင်း | သက်ဆိုင်ရာလကုန်ဆုံးပြီး(၁၀)ရက်အတွင်း |
| လစဉ်ကုန်သွယ်လုပ်ငန်းခွန် ပေးသွင်းခြင်း | သက်ဆိုင်ရာလကုန်ဆုံးပြီး(၁၀)ရက်အတွင်း |
| သုံးလတစ်ကြိမ် အထူးကုန်စည်ခွန် ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာသုံးလပတ်ကုန် ဆုံးပြီး (၁၀)ရက်အတွင်း |
| သုံးလတစ်ကြိမ် ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာသုံးလပတ်ကုန် ဆုံးပြီး (၁)လအတွင်း |
| နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာတင်သွင်းခြင်း | သက်ဆိုင်ရာဘဏ္ဍာနှစ်ကုန် ဆုံးပြီး (၃)လအတွင်း |
| နှစ်ချုပ်ဝင်ငွေကြေညာလွှာ တင်သွင်းခြင်း | သက်ဆိုင်ရာဝင်ငွေနှစ်ကုန် ဆုံးပြီး (၃)လအတွင်း |